# မိချမ်းဝေ

## တာဆွေတော့ထပ်ချုန်းနေတဲ့မိုးတိမ်
နှင့်
## ဝတ္ထုတိုစုစည်းမှု



## စာရေးသူ၏ ကျေးဇူးတင်စကား

မဟောသဓာသုတရသစုံမဂ္ဂဇင်း၊ ရုပ်ရှင်အပြုံတေသုတရသစုံမဂ္ဂဇင်း၊ Beauty Max မဂ္ဂဇင်း၊ ရတီစာပေအနုပညာမဂ္ဂဇင်း၊ မဟေသီမဂ္ဂဇင်း၊ Family မဂ္ဂဇင်း ကလျာမဂ္ဂဇင်းများတွင်ဖော်ပြခဲ့သည့် ဝတ္ထုတိုများကို “တစ္ဆေတွေထစ်ချုန်းနေတဲ့မိုးတိမ်နှင့် ဝတ္ထုတိုစုစည်းမှု” စာအုပ်လေးအဖြစ် စုစည်း လိုက်ပါတယ်။

ဒီစာအုပ်လေးဖြစ်လာတာ စာမူဖော်ပြပေးခဲ့တဲ့ မဂ္ဂဇင်းများ၊ စာအုပ်အဖြစ် စုစည်း ထုတ်ဝေတဲ့ ကိုဉာဏ်အောင် (အလင်းသစ်စာပေ)နှင့် စာဖတ်သူပရိသတ်များရဲ့ ကျေးဇူးကြောင့် ဖြစ်ပါတယ်

**မိချမ်းဝေ**

* * *




မိုးကိုက်ပန်းတစ်ပွင့်ရဲ့

# ညနေခင်းအောက်မှာ

## ပိုးကိုက်ပန်းတစ်ပွင့်ရဲ့ညနေခင်းအော်ပရာ

ပင်လယ်က လရောင်ကို မှျားလိုက်သလိုမျိုး အလင်းစာတ်တွေ ပြိုဆင်းနေတဲ့ရေပြင်ဟာ ကျွန်တော့်စိတ်ကို ညှို့ငင်နိုင်စွမ်းမရှိတာ သေချာပါတယ်။ လှိုင်းရိုက်သံသဲ့သဲ့။ အသေအချာ နားထောင်မှ သောတအာရုံကို မထိတထိတို့ထိ ကျီစယ်နေတဲ့အသံ။

ခပ်လှမ်းလှမ်းက ချစ်သူများကျွန်းမြင်ကွင်း အရောင်နှင့် အရိပ်။ ဟောဒီငွေဆောင် ကမ်းခြေက မြင်ကွင်းတွေအားလုံး ကျွန်တော့်စိတ်ကို ဆွဲဆောင်နိုင်စွမ်းမရှိပါဘူး။

ငွေဆောင်ကမ်းခြေဟာ ကျွန်တော့်အတွက် ထူးခြားတဲ့ အာရုံခံစားမှုတွေ မပေးစွမ်းနိုင်သလို အခြားဘယ်လိုကမ်းခြေမျိုးကမှ ကျွန်တော့အာရုံကို ဖမ်းစားနိုင်မယ်မထင်ပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ရင်ထဲမှာ ပုလဲရင်နှစ်ရတနာအစစ်က ရှိနှင့်ပြီးသားဖြစ်လို့ပါ။

ကျွန်တော်က မောင်းမကန်ရွာသား။ မောင်းမကန်ကမ်းခြေမှာ ပြေးလွှားဆော့ကစားကြီးပြင်းခဲ့ ရလို့ ကမ်းခြေဆိုရင် မောင်းမကန်ကမ်းခြေသာ အလှဆုံးလို့ အစွဲအလမ်းကြီးခဲ့သူမို့ပါ။

မောင်းမကန်ဝန်းကျင်က စိမ်းစိမ်းစိုစို တောင်တန်းတွေရယ်. .

ကောင်းကင်နဲ့ ပင်လယ်ပြင်ထိစပ်နေမှုရယ်. . .

စက်ရုံအလုပ်ရုံနဲ့ဝေးပြီး ဆူညံခြင်းကင်းတာရယ် . . . .

ရေချိုးရေကူးသူတွေကို အန္တရာယ်ပေးမယ့် ငါးမန်းလို ငါးကြီးတွေရဲ့ရန်က ကင်းရှင်းတာရယ်

မောင်းမကန်ရဲ့ အရည်အချင်းတွေဟာ ကျွန်တော့်နှလုံးသားမှာ သရုပ်ဖော်ဆောင်းထားတာမို့ အခြားသောကမ်းခြေတွေရဲ့ အလှကိုနေရာမပေးနိုင်ခြင်းအတွက် ခွင့်လွှတ်ကြစေချင်ပါတယ်။

လူဆိုတာ ဒေသစွဲရှိစမြဲမဟုတ်လား။ "စွဲနိုင်လောက်တဲ့အရည်အချင်း ရှိလို့စွဲတာ" ဆိုတဲ့ စကားကိုတော့ ကျွန်တော် အကြွင်းမဲ့လက်ခံပါတယ်။ ဒါကြောင့် တာဝန်မရှိတဲ့ ညဦးယံအချိန်မျိုးမှာ ကျွန်တော်ဟာ ငွေဆောင်ရဲ့ သောင်ယံပေါ်က အလွမ်းတွေကို ရွက်လွင့်လို့ ကမ်းရိုက်လှိုင်းသံချင်း အတူတူတောင်မှ မောင်းမကန်ရဲ့ နရီတေးသွားကို စိတ်နားရဲ့ လှမ်းနားထောင်လေ့ရှိတယ်။

ငွေဆောင်ကမ်းခြေပေါ်က ဟိုတယ်အဆောက်အအုံတွေကို ကြည့်ပြီးမောင်းမကန်မှ ဟိုတယ်ကောင်းတွေ မရှိခဲ့မှုအတွက်တော့ ကျွန်တော့်စိတ်တွေ မလုံမလဲဖြစ်ခဲ့ဖူးတယ်ဆိုတာ ဝန်ခံပါတယ်။

ပြီးခဲ့တဲ့အခေါက် ဇာတိမြေကိုတော့ စီးပွားရေးလုပ်ငန်းကြီးတွေ စုပြီးပင်လယ်ကမ်းခြေအပန်း ဖြေစခန်းတည်ဆောက်ဖို့ ပြင်ဆင်နေတာ တွေ့ရတော့ ဝမ်းမြောက်ကြည်ရွှင်မှုတွေ ရင်နှင့်အမျှပါပဲ။

တကယ်ဆို နိုင်ငံခြားသားက ငွေဆောင်တို့၊ ချောင်းသာတို့ဆီသွားမယ်ဆို ငါးနာရီ၊ ခြောက် နာရီ၊ ကားလမ်းခရီးစဉ်နှင့် သွားရမှာ။ ထားဝယ်ကို လေယာဉ်နှင့်မိနစ်သုံးဆယ်သာ။ ဒီတော့ ထားဝယ်ကိုပိုသွားချင်မှာပေါ့။ ခေတ်မီဟိုတယ်မရှိခြင်းက ဩဇာသည်နည်းနေခြင်းပါပဲ။ မောင်းမကန်ဖွံ့ဖြိုးရေးကို မလွှဲမသွေလုပ်ကြတော့မယ့်အနေအထား။ ဗီယက်နမ်၊ လာအို၊ ထိုင်းကိုဖြတ် ပြီး

မော်လမြိုင်ဘက်ထွက်( East West Economic Corridor) ဆိုတဲ့ အရှေ့အနောက်စီးပွားရေး ပေါင်းကူးစကြ်ံ လမ်းမကြီး။ ကျွန်တော်တို့ဒေသအတွက် မျော်လင့်ချက်အလားအလာတွေဟာ အရောင်တောက်ပတဲ့ အိပ်မက်တွေကို တထွေးတပွေ့ကြီး သယ်ဆောင်လာနေတယ်။ အခုများမှာ တော့ ကျွန်တော်ဟာ ငွေဆောင်ကမ်းခြေဟိုတယ်ရဲ့ (Housekeeper) ဝန်ထမ်းတစ်ယောက်အဖြစ် သစ်မရခင် ဝါးပေါင်းကွပ်နေတဲ့ကာလ၊ မောင်းမကန်ရဲ့နိုင်ငံတကာအဆင့်မီဟိုတယ်ကြီးမပေါ်ထွန်း လာခင် ကျွန်တော်ငွေဆောင်မှာ ကွင်းဆင်းလေ့ကျင့်နေတယ်ပဲ ဆိုပါစို့။

အခုလိုညမျိုးဆိုုရင် ကျွန်တော်ဂီတာတောင် မတီးဖြစ်ဘဲ ကမ်းခြေမှာ စိတ်လွတ်ကိုယ်လွတ် ထိုင်နေမိတယ်လေ။ တစ်ခါတစ်လေ တာဝန်ဆိုတာ ခွဲခြားရကောင်းတဲ့အရာမဟုတ်တော့ နေ့ဘက် ကျွန်တော်တာဝန်တွေပြီးပေမဲ့ ညဘက်ဧည့်သည်အရမ်းကျတဲ့အချိန် Restaurant မှ Waiter လည်း သွားလုပ်ပေးရသေးသည်။

အဲဒီ အချိန်မျိုးမှာ ကျွန်တော့်စိတ်ကို အကြီးအကျယ် အနှောင့်အယှက်ဖြစ်စေတယ်။

လူတွေ ငွေဆောင်ကမ်းခြေကို လာကြတယ်။ ကျွန်တော်တို့ ဟိုတယ်မှာတည်းခိုတယ်။ ဧည့်သည်ရဲ့ လိုအင်ဆန္ဒကို အစွမ်းကုန်ဖြည့်ဆည်းရမယ်ဆိုတာ နားလည်ပါတယ်။

ဒါပေမဲ့ တစ်ခါတစ်ရံလူ့အလိုဆိုတာကလည်း ပြည့်နိုင်ခဲသားလေ။

စားချင်တာကို အော်ဒါမှာလို့မရတဲ့အခါမျိုး၊ ဆိုင်ပိတ်ချိန်ကျော်လွန်သွားလို့ စားစရာမှာလို့ မရနိုင်တော့တဲ့အခါမျိုး၊ မူးနေတဲ့ဧည့်သည်သာ Waiter တွေကို ယစ်စရာသတ္တဝါတွေအဖြစ် သဘောထားတော့တာပါပဲ။

တစ်ခါတော့ ဂဏန်းအချိုပေါင်းနဲ့ ဂဏန်းမဆလာချက် မှားသွားတဲ့ကိစ္စမှာ ဧည့်သည်နဲ့ Waiter ကြားပြဿနာတွေများပြီး မန်နေဂျာက ဟင်းပွဲရဲ့တန်ဖိုး Waiter ကို လျော်ခိုင်းတဲ့ကိစ္စမျိုး ကြုံရတဲ့အခါ ရောက်ရှိနေတဲ့အနေအထားအပေါ် စိတ်မလုံမလဲမှုများစွာနဲ့ ရင်ထဲမှာ တင်းကျပ်လေး လံ နေတော့တယ်။

ဒီလို အဖုအထစ်ကလေးတွေ ဖြစ်ပြီဆို ကျွန်တော်လေ ဟိုဘက်ဟိုတယ်က ကျွန်တော့် ဆရာ ရှိတဲ့ဝိုင်းမှာတောင် ဂီတာသွားမတီးနိုင်တော့ဘူး။ ကမ်းခြေမှာ တစ်ညလုံးထိုင်ပြီး အတွေးတွေ အိမ်ဖွဲ့နေမိတယ်။ ကျွန်တော်တို့ဟာ ဧည့်သည်အပေါ်မှာ အစွမ်းကုန်မငြိုငြင်အောင် ဆောင်ရွက် ရမယ့် ကိစ္စမှာ အဘက်ဘက်က ပံ့ပိုးမှုအားတွေလိုတယ်လို့ အရိုးခံအတိုင်း တွေးနေမိတယ်

ရောက်လာတဲ့ ဧည့်သည်တွေကို ကြိုဆိုမယ်၊ နေရာချထားမယ်။ လာတဲ့လူတွေကလည်း အမျိုးမျိုးအစားစားကွဲပြားနေသေးတယ်။ နိုင်ငံတော်အကြီးအကဲနှင့် ပတ်သက်တဲ့ ဧည့်သည်တွေ၊ မကြာခဏဆုတောင်းပွဲလာလုပ်တဲ့ ခရစ်ယာန်ကိုရီးယားမိဘမဲ့ဂေဟာအသင်းဝင်တွေ၊ ရန်ကုန် ကျွန်တော်တို့ ရုံးချုပ်က စီစဉ်ပေးတဲ့ Package Tour တွေ၊ အခြားမိသားစုအဖွဲ့တွေ၊ ချစ်သူစုံ တွဲတွေ ၊ တစ်ခါတစ်ရံနိုင်ငံခြားသားတွေ။

ဧည့်သည်တွေဟာ ဘယ်လိုအခန်းမျိုးကိုနှစ်သက်ပါသလဲ။

ကမ်းခြေမျက်နှာစာဘက် Sea View ကောင်းကောင်း Deluxe အခန်းတွေဆိုရင်တော့ ဈေးကတော့ တစ်ညကို သုံးသောင်းခွဲပေ့ါ။ ဟုတ်ကဲ့။ မတတ်နိုင်ဘူးလားခင်ဗျာ။ ရပါတယ်။ Superior Room တွေကတော့ အလယ်အလတ်စားပေ့ါ။ သူကလည်း အဲယားကွန်း၊ တီဗွီ၊ ရေခဲသေတ္တာပါပါတယ်။ တစ်ည ကျပ်နှစ်သောင်းပါ။

ဒါလည်း များသေးတယ်ဆိုရင် Eco: Room တွေက ဘာညာတွေတော့ မပါဘူးပေါ့။. ဈေးချိုပါတယ်။ တစ်သောင်းခွဲတည်းရယ်ပါ။ Restaurant အနောက်ဘက်တော့ကျမှာပေါ့ခင်ဗျာ။

ကျွန်တော်တို့က ဧည့်သည်ကို ကြိုက်ရာအခန်းမှာနေရာချထား၊ မနက်စောစောဆို ထမင်းကြော်ဖြစ်စေ၊ ခေါက်ဆွဲကြော်ဖြစ်စေ၊ ကြာဆံကြော် ဖြစ်စေ Breakfast စီစဉ်ပေး။

သူတို့ရွာနီးနားဆီ အလည်သွားတဲ့အခါ ကျွန်တော်တို့လည်း ခဏနား၊ မနက်စာစားပေါ့။ ရွာထဲနဲ့ သိပ်မဝေးတော့ ဧည့်သည်တွေက အဲဒီ မှာ ပင်လယ်ထွက်အမှတ်တရပစ္စည်းတွေ သွားဝယ် ကြလေ့ရှိတယ်။ အဲဒီ မှာ ဆင်စီးနိုင်တယ်။ တကူးတက ရွာတည်ထားတဲ့ တိုင်းရင်းသားလူမျိုးတွေ ကို လေ့လာနိုင်တယ်။ ဓာတ်ပုံရိုက်နိုင်တယ်။

ဧည့်သည်တွေ ဟိုတယ်မှာ မနက်စာစားမယ်ဆို စားဖိုမှူးနဲ့ ညှိပြီးစီစဉ်၊ ကျန်တာတွေကတော့ သူတို့လိုအပ်တဲ့ ရေသန့်ဘူးတို့ဘာတို့ ပို့ပေးရုံပါပဲ။

သူတို့ပြန်သွားတော့ အခန်းကို သပ်ရပ်သန့်ရှင်းအောင် ပြန်ပြင်ပေး၊ နောက်ဧည့်သည်အသစ် အတွက် အဆင်သင့်ဖြစ်အောင်လေ။

ဒီကိုလာတဲ့ လူတွေကလည်း လူတန်းစားအမျိုးမျိုး၊ စိတ်ထားအမျိုးမျိုး၊ တွေးခေါ်ယူမှု အမျိုးမျိုး။ တချို့ကားပေါ်က ဆင်းပြီးတာနဲ့ အခန်းယူ၊ ပြီးရင် တစ်ခါတည်း ပင်လယ်ထဲ ဆင်းပြီးတာ နဲ့ အခန်းယူ၊ ပြီးရင် တစ်ခါတည်း ပင်လယ်ထဲ တန်းဆင်းတော့တာ။ သူတို့အတွက် ပင်လယ်ဟာ ဆန်းတကြယ်ဖြစ်နေတော့တာကိုး။ ခပ်ကဲကဲတွေဆို ကမ်းကနေ အတော်ဝေးဝေး ကူးထွက်သွားတာ မျိုး ။ တစ်ခါက ဘောကွင်းတစ်ခုထဲမှာ လူသုံးယောက်လောက် ဝိုင်းခိုစီးကြတာမျိုး။အဲဒါတွေဟာ အန္တရာယ်ကို ဖိတ်ခေါ်တဲ့အရာတွေပါပဲ။

တချို့ကလည်း သောင်ပြင်မှာ မြင်းစီးပြီး မြို့ပြမှာမရနိုင်တဲ့

ရင်ခုန်မှုအသစ်ထဲ နစ်မျောနေကြတယ်။

စုံတွဲတွေကတော့ ချစ်သူများကျွန်းဆီသွားကြတာ များပါတယ်။

ငွေဆောင်ကမ်းခြေက လခြမ်းပုံကွေ့ဝိုက်နေတာပါ။ ရေကျတဲ့အခါ သဲတန်းဖွေးဖွေးပေါ်က လျှောက်သွားရင် ရောက်တဲ့ချစ်သူများကျွန်းကလေး ပေါ်မှာတော့ ရေသူမရုပ်ထု၊ တောင်ကုန်းမြင့် ပေါ်မှာ ပင်လယ်ကိုစီးမိုးမြင်ရတဲ့ မျှော်စင်၊ ကျွန်းပတ်လည်မှာ ဒန်းကလေးတွေရှိ တော့ ဧည့်သည်တွေကို ဆွဲဆောင်မှုတစ်မျိုးနဲ့ ဖိတ်ခေါ်နေတဲ့နေရာတစ်ခုပေ့ါ။

တချို့လည်း ရှာရှာဖွေဖွေဗျာ. . ဆင်စခန်းလည်းမသွား၊ ရွာထဲလည်းမလည်။ လေးမိုင လောက်ဝေးတဲ့ ပုစွန်မွေးကန်တွေ သွားကြည့်ကြသတဲ့။ ဝါသနာပါရာ စိတ်ထက်သန်ရာပေ့ါ။

ဘာပဲဖြစ်ဖြစ် အိုးအိမ်ပစ်၊ လုပ်ငန်းခွင်ပစ်ပြီး ငွေကုန်ကြေးကျခံကာ တကူးတကလာကြ ပြီးတော့မှ ငွေကုန်ရကျိုးနပ်စေချင်တယ်။ စိတ်အပန်းပြေစေချင်တယ်။

ပင်လယ်ရေချိုး၊ ပင်လယ်လေရှူ၊ ပင်လယ်စာစား၊ ပင်လယ်မှာပျော်ဝင်ပြီး အားသစ်အင်သစ် တွေ တစ်ဖန်လန်းဆန်းတက်ကြွစွာနဲ့ လာရင်း ဒေသဆီ ပြန်သွားကြစေချင်တယ်။ ဒါကြောင့် ကျွန်တော်တို့ဘက်က အတတ်နိုင်ဆုံး နားလည်သည်းခံမှုတွေနဲ့ ဟိုတယ်ဝန်ကိုထမ်းပြီး ငွေဆောင် ရဲ့ဂုဏ်ကို မြှင့်တင်နေတာပါ။

အတ္တကိုရှေ့တန်းတင် ထီမထင်ဧည့်သည်မျိုးနဲ့ တွေ့တဲ့အခါမှာတော့ ကျွန်တော်တို့လည်း ပုထုဇဉ်ပဲလေ။ မခံချင်စိတ်တွေရုန်းကြွလာတဲ့အခါ လရောင်ဖိတ်စဉ်နေတဲ့ ကမ်းခြေဟာ စိတ်ရဲ့ မာခဲမှုတွေ ဖြေလျှော့ရာနေရာပါပဲ။ လရောင်မှာ ပျောင်းညွတ်မှုတွေ ပျော်ဝင်နေတဲ့ ဓာတ်တစ်မျိုးက တင်းကျပ်နေတဲ့ ရင်ဘတ်အစုံကို ပွတ်ဆွဲချော့မြူပေးလေ့ရှိတယ်။

ဒီအခါမှာ ကျွန်တော့်စိတ်တွေဟာ ရန်ကုန်မြို့ကြီးတစ်နေရာမှာ ရှိနေတဲ့ ကျွန်တော့်ဘဝရဲ့ စိုးမိုးရှင်ကလေးဆီ ဝဲလှည့်ပျံသန်းနေလေ့ရှိတယ်ဆိုတာ ဟောဒီပင်လယ်ကြီး သက်သေထားပြီး ပြောလိုက်ချင်စမ်းပါရဲ့။

ဟောဒီဟင်းလင်းပြင်ကနေ ကျွန်တော်က...

"ငယ်ငယ်ရေ..." လို့အော်လိုက်တဲ့အသံကို မင်းကလေး ကြားနိုင်ပါ့မလား။

ကျွန်တော်နဲ့ငယ်ငယ်ကြားမှာ နံရံတွေအချပ်ပေါင်းများစွာ ခြားနေတောင်မှ ကျွန်တော်ဟာ မိဘတွေမရှိတော့တဲ့ မောင်းမကန်ကိုလည်း မပြန်ဖြစ်နဲ့ နာကျင်ခံခက်မှုတွေကို မျိုချရင်း ငွေဆောင် ကမ်းခြေမှာပဲ အလွမ်းဒီရေတွေ တစ်ရစ်ပြီးတစ်ရစ်နစ်လို့။

*

ကျွန်တော်ငယ်စဉ်ကတည်းက မိဘတွေရှေ့ဆင့်နောက်ဆင့် ဆုံးကုန်တာမို့ ဒေါ်လေးကပဲ ကျွေးမွေးသုတ်သင်ခဲ့တာပါ။ ဒေါ်လေးယောကျ်ားက ပီနန်၊ စင်္ကာပူ သွားဖူးတဲ့အရှိန်ကလေးနဲ့ အတော်ကလေး စုမိဆောင်းမိရှိတဲ့အခါ ရန်ကုန်က ဆင်ခြေဖုံးရပ်ကွက်ကလေးထဲမှာ ကန်ထရိုက် တိုက်ခန်းတစ်ခန်းဝယ်ပါသည်။ ဒေါ်လေးမှာက သားတစ်ယောက်တည်းရှိတာပါ။ အဲဒီ သား ကိုကိုအောင်က မလေးရှားမှာ အလုပ်သွားလုပ်တော့ ဒေါ်လေးက ကျွန်တော့်ကို အားကိုးရှာတယ်။

ကျွန်တော်ဆယ်တန်းရောက်တော့ ရန်ကုန်မှာကျူရှင်ကောင်းကောင်းလည်းတက်ရင်း တိုက်ခန်း ကိုလည်း ပြုပြင်ရင်း

ဆွေမျိုးနီးစပ် ဘွားလေးသောင်း အဖော်ထည့်ပြီး လွှတ်လိုက်ပါတယ်။ မောင်းမကန်ဈေးထဲက ကုန်စုံဆိုင်ကိုဖြုတ်ပြီး ဒေါ်လေးရန်ကုန်တက်လာဖို့ မလွယ်သေးတဲ့အချိန်မှာ ကျွန်တော်တို့အိမ်လည်း စောင့်ရင်း ကျောင်းလည်းတက်ရင်းပေ့ါ။

ဘွားလေးသောင်းက ထမင်းချက်။ ကျွန်တော်က ကျောင်းတက်။ ဟန်ကိုကျလို့။ ကျွန်တော် တို့တိုက်ခန်းက ပထမထပ်ဆိုတော့ နေရထိုင်ရတာ အဆင်ပြေပါတယ်။ ရပ်ကွက်ကလေးကလည်း တကယ်ပီတိမြန်မာရပ်ကွက်ကလေး။ မြို့ထဲမှာလို စတိုင်နဲ့ ဟန်ကြီးပန်ကြီးတွေ မဟုတ်ကြဘူး။ တစ်အိမ်နဲ့ တစ်အိမ်ရင်းနှီးချင်ခင်လွယ်ကြတယ်၊ ကျောင်းပိတ်ရက်များဆို ရပ်ကွက်ထဲက ကောင်မလေးတွေ တော်တော်များများထွက်လာပြီး လမ်းမပေါ်မှာ ထုပ်ဆီးတိုးကြတယ်။ အဲဒီ မှာ ကျွန်တော်ကောင်မလေးကို စတွေ့တာပါပဲ။

ဆယ့်ငါးနှစ်၊ဆယ့်ခြောက်နှစ် အပျိုပေါက်အရွယ် ကောင်မလေးတွေ အများကြီးကြားမှာ အဲဒီ တစ်ယောက်ရဲ့အလှက ပွင့်အာလုလု ပန်းတစ်ပွင့်ရဲ့ အလှလို လန်းစွင့်ဝင့်ဝါဖို့ အားယူ နေပုံများ။

ကျွန်တော်ဟာ ဂရန်တာကလေးမှာ ထိုင်ပြီး သူကလေးကို ဘယ်သူမှ မသိအောင် တစ်ယောက်တည်း ရှုံးနေတာပေ့ါ။ အပေါ်လွင်ဆုံးက ဆင်စွယ်နှစ်ရောင် ဖြူဝင်းအိနေတဲ့ အသားအရောင်ဟာ ဘယ်သူမှမယှဉ်နိုင် လှရက်နိုင်လွန်းတယ်။ မျက်ခုံးမွေးကတော့ မထူလှဘူး။ ဒီခေတ်ကောင်မလေးတွေလိုပဲ ရိတ်ထားတာလား၊ နုတ်ထားတာလား မသိတဲ့ခပ်ပါးပါး။

မျက်လုံးကြည်ကြည်။

နှုတ်ခမ်းပြည့်ပြည့်။

နှာတံလုံးလုံး။

လည်တိုင်ရှင်းရှင်း။

အာ . . ဒီထက်ပိုပြီး သူ့အလှကို ကျွန်တော်မပြောတတ်တော့ဘူး။ အပြစ်ပြောစရာ ဘာတစ်ခုမှ မရှိတဲ့ အလှမျိုးပေါ့ဗျာ။ ကျွန်တော်ဟာ သူရဲ့လှုပ်ရှားမှုတွေကို ငေးကြည့်နေမိရင်း အမျိုးအမည်မဖော်ပြနိုင်တဲ့ ခံစားမှုတစ်မျိုးခံစားလာရတယ်။ ထုပ်ဆီးတိုးတယ်ဆိုတာ သိကြတဲ့ အတိုင်းပါပဲ။ ပြေးဟယ်လွှားဟယ် ဆွဲဟယ်ရမ်းဟယ် ငြင်းဟယ် ခုန်ဟယ် မဟုတ်လား။

ကောင်မလေးခြေတံလက်တံတွေကားပြီး အောင်ထူမယ့် သူတွေကိုတားနေတဲ့အခါမျိုး. . .

မိတယ် မမိဘူး ငြင်းခုံတဲ့အခါမျိုး. . .

ကျွန်တော်ဂရန်တာကလေးကနေ သူကလေးနဲ့အပြိုင် စိတ်လှုပ်ရှား နေမိတယ်။

ချွေးသံတွေရွှဲနေပေမဲ့ ပကတိဝင်းပသန့်စင်တဲ့ မျက်နှာကလေးကို ကြည့်ပြီး ကျွန်တော်ရင်ထဲ က သူမကို. . .

“ငယ်ငယ် ”လို့ ခေါ်နေမိတယ်။

ငယ်ငယ်။ ကျွန်တော့်ညီမလေးအရွယ် ငယ်ငယ်။. ဒါပေမဲ့ သူကလေးကိုညီမလေးထက်ပိုတဲ့ ခံစားမှုတွေနဲ့ စိတ်ဝင်စားနေတာတော့ အမှန်ပါပဲ။ နောက်ရက်တွေ သတိထားကြည့်လိုက်တော့ သူကလေးက မျက်စောင်းထိုးကန်ထရိုက်တိုက် တတိယအလွှာက ဖြစ်နေတာကိုး။ သူကလေးက လည်း ကျွန်တော်လိုပဲ ဆယ်တန်းကျောင်းသူတစ်ယောက်ပါတဲ့။ အနေကြာလာတာနဲ့အမျှ ရပ်ကွက် ကလေးရဲ့ထုံးစံတစ်အိမ်ကအကြောင်း တစ်အိမ်ကအားလုံးမသိတောင် အတော်များများ တီးမိခေါက် မိ ရှိလာတော့တယ်။

အဲဒီ တတိယအလွှာမှာ သူမအပြင် တော်တော်လှတဲ့

မိန်းမတစ်ယောက်လည်းရှိသေးတာ သတိပြုမိတယ်။ အဲဒီ မိန်းမကတော့ ဆံပင်ရှည်ရှည်နဲ့ ရန်ကုန်သူတွေထုံးစံ တစ်ခါတစ်လေ ဂါဝန်ကြီးနဲ့ ဈေးတွေဘာတွေ ထွက်ဝယ်တာတွေ့ရတယ်။ နောက်တော့မှ အဲဒီ မိန်းမဟာ ကောင်မလေးရဲ့အမေမှန်း သိရတော့တယ်။ ကောင်မလေးရဲ့ အဖေနဲ့တူတာ မတွေ့ဂုပေမဲ့ အဘိုး၊ အဘွားရယ်၊ သူ့မောင်လေးနှစ်ယောက်ရယ် အတူနေကြကြောင်း သိရတယ်။ သိပ်မကြာဘူး။ စာမေးပွဲဖြေပြီးတဲ့ နွေရာသီရောက်လာပါတယ်။ သီတင်းကျွတ်ကျောင်းပိတ်ရက်၊ ဒီဇင်ဘာ ကျောင်းပိတ် ရက်တွေတုန်းကလို ကောင်မလေးထုပ်ဆီးဆင်းတိုးဦးမလားလို့ ကျွန်တော် မျှော်လင့်နေပေမယ့် ကောင်မလေးက ဆင်းမလာတော့ဘူး။ အပျိုစိတ်ဝင်သွားပြီထင်ရဲ့လို့ တွေးမိနေတုန်း ပြုန်းဆို သံသယပွားစရာ လှုပ်ရှားမှုတွေ မြင်တွေ့ရတော့တယ်။

ညနေစောင်း ခြောက်နာရီလောက်ဆို ကောင်မလေးအိမ်ရှေ့မှာ ပတ်ဗလစ်ကာကား အဖြူလေး ဆိုက်လေ့ရှိတယ်။ ကားထဲမှာ သူ့လိုကောင်မလေးတွေ လေးငါးယောက် ။ သိပ်မကြာ ဘူး။ ကောင်မလေး အဲဒီ ကားနဲ့ ပါသွားပါရော။

တတိယလွှာကဆင်းလာတဲ့ အခါများဆို ကျွန်တော်ကောင်မလေးကို ရဲရဲမကြည့်ရဲဘူးဗျာ။ ကောင်မလေးရဲ့ ဝတ်စားဆင်ယင်မှုဟာ အရင်ကနဲ့ မတူတော့ဘူး။

ကျွန်တော်ဟာ အမျိုးသမီးတွေ ဘောင်းဘီဝတ်တာ၊ စကတ်ဝတ်တာအပြစ်တင်ရှုတ်ချတဲ့အထဲ မှာ မပါဘူး။ ခေတ်နဲ့လျှော်ညီတဲ့ ဝတ်စားဆင်ယင်မှုမျိုးကို လက်ခံပါတယ်။ ကျွန်တော်လည်း လူငယ်ပဲဗျာ။ ခေတ်ပြိုင်ခံစားမှုတော့ ရှိတောပေ့ါ။

ဒါပေမဲ့လို့ကောင်မလေးရဲ့ ဆည်းဆာဖက်ရှင်တွေကိုတော့ ကျွန်တော်မျက်စိရှုက်နေတာ အမှန်ပဲ။

သူတို့ဒီလိုတွေ ဝတ်စားဆင်ယင်ပြီး ဘယ်သွားကြသလဲ။ ကျွန်တော်မျက်စိရှက်နေတာ အမှန်ပဲ။

မကြာခင်အဲဒီ ပဟေဠိကို အဖြေညှိပေးမယ့်သူတစ်ယောက် ရောက်လာတော့တယ်။

ဒေါ်လေးရဲ့သား ကိုကိုအောင် မလေးရှားက ပြန်လာပါရောလား။ ကျွန်တော်လည်း အဖော်မဲ့ နေတာနဲ့ ပျော်သွားတာပေါ့ဗျာ။ ဒေါ်လေးတို့လင်မယားလည်း ကိုကိုအောင်ရောက် တယ်ဆို ရန်ကုန်တက်လာကြတော့ အိမ်မှာလူစုံနေတော့တာပေါ့။ ကိုကိုအောင် သွားတာ သုံးနှစ်လောက်ကြာတော့ သုံးနှစ်စာစကားတွေ မကုန်နိုင်ဘူး။ လူကလည်း ထွားထွား ကြီး ဖြစ်လာလိုက်တာ။ နိုင်ငံခြားမှာ အလုပ်သွားလုပ်လာတော့ မျက်စိကြီးနားကြီး လူရည်လည်တာ လည်း ပါတာပေါ့။

တစ်ညတော့ သူ့သူငယ်ချင်းတွေနဲ့စုပြီး ရက်စတော့ရင့်တစ်ခုမှာ သောက်ကြစားကြမယ် ဆိုပြီး စီစဉ်တဲ့အခါ ကျွန်တော်လည်းလိုက်ပါခွင့်ရတယ်။

ကျွန်တော်က ဘွားလေးသောင်းနဲ့ပဲ အဖော်လုပ်နေရတော့ ရုပ်ရှင်တောင် ရောက်တဲ့ကောင် မဟုတ်ဘူး။ တစ်ခါတစ်လေ တီဗွီဂိန်းကလေး ဘာလေးနှိပ်၊ ဘီလိယက်လေးဘာလေး ထိုးရုံ၊ စားသောက်ဆိုင်သွားဖို့ဆိုတာ အခွင့်အရေးလည်း မပေးဘူးလေ။ ဦးလေးရောဒေါ်လေးကပါ ထည့် လိုက်တာဆိုတော့ ကျွန်တော်လည်း ဖိုးကျိုင်းတုတ်ဖြစ်သွားတော့တာပေ့ါ။

စားသောက်ဆိုင်က အတော်လှမ်းတယ်။ ပဲခူးဘက်ထွက်တဲ့ကားလမ်းပေါ်မှာ။ ကျွန်တော်တို့ ရောက်သွားတော့ လူတောင် အတော်စည်နေပြီ။ မီးရောင်စုံအောက်မှာ မြူးကြွသံစဉ်အလိုက် အမျိုးသမီးတွေ လှုပ်လီလှုပ်လဲ့ သီချင်းဆိုနေကြတာ အုပ်စုလိုက်ကြီး။ ဘယ်သူ့ကိုကြည့်ရမှန်း တောင် မသိဘူး။

ကျွန်တော်တို့အားလုံးငါးယောက် အစားအသောက်တွေ၊ ဘီယာတွေ ရောက်လာတော့ ကိုကိုအောင်က ကျွန်တော်ရှေ့ဘီယာခွက်ထိုးပေးရင်း. . .

“ဟေ့ကောင်ချစမ်း။ ယောက်ျားဆို အတွေ့အကြုံရှိရတယ်ကွ၊ ဘီယာက မမူးပါဘူး”

ကျွန်တော်သိပ်တွန့်ဆုတ်မနေဘဲ ဘီယာခွက်ယူမော့လိုက်လို့ အားလုံးဝိုင်းရယ်ကြသေးတယ်။ လည်ချောင်းထဲမှာ ချိုတိုတို ပြင်းရှရှလေး၊ မဆိုးပါဘူး။ တစ်ခွက်ကနေ နှစ်ခွက်ဖြစ်လာတော့ အူက အရိုင်းမဟုတ်လား။ ရီဝေဝေ ဖြစ်လာတော့တာပေ့ါ။

စင်ပေါ်မှာလည်း မြင်ကွင်းတွေ ပြောင်းသွားပြီ။ ကောင်မလေးတွေ တစ်ယောက်ပြီး တစ်ယောက် လှုပ်လီလှုပ်လဲ့တောင် မဟုတ်တော့ဘူး။ ဂီတသံစဉ်အလိုက် ကြမ်းကြမ်းရမ်းရမ်း ကလေးဖြစ်လာလို့ အောက်ကအားပေးသူတွေကလည်း တဝေါဝေါ။

အဲဒီ မှာ ပန်းကုံးတွေ၊ သရဖူတွေ အထပ်ထပ်ရနေသူကလေးကတော့ အားလုံးထဲမှာ အပေါ်လွင်ဆုံးလေ။

အပေါ်လွင်ဆုံးဆိုတာ ဖုံးသင့်ဖုံးအပ်နေရာတွေကို မေ့လျော့စွာချန်ထားခဲ့တာကို ဆိုလိုတာပါ။

“ဟေး ဟေး . . .စင်သီယာ၊ စင်သီယာ. . ရှီး . .ရှီး”

လက်ခုပ်သံတွေ၊ လက်ခေါက်မှုတ်သံတွေ ကြားထဲမှာ စန်းပွင့်နေသူလေးကို သတိထားကြည့်မိတော့ ကျွန်တော်ရဲ့စောစောက ရီဝေဝေကလေးပြုန်းဆို ထွက်ပြေးသွားပါတော့ တယ်။

ငယ် ငယ်. . .

ကျွန်တော်ရဲ့ငယ်ငယ်. . .

ရုတ်တရက် စိတ်မထိန်းနိုင်ဘဲ ထရပ်လိုက်တဲ့ ကျွန်တော့်ကို ကိုကိုအောင်က လှမ်းမထိန်း လိုက်ရင် ဘာဖြစ်သွားနိုင်သလဲ မတွေးဝံ့တော့ဘူး။

"ဟော့ကောင် ဘာသောက်ရူးထတာလဲ။ မင်းက ပန်းကုံးစွပ်ချင်လို့လား။ ငါ့မှာ အဲဒီ လောက် ပိုက်ဆံမပါဘူးကွ။ နောက်တစ်ခေါက်မှ စွပ်ကွာ"

ထင်ရာမြင်ရာတွေ စွပ်ပြောနေတဲ့ ကိုကိုအောင်ကို ကျွန်တော်ဘယ်လိုရှင်းပြရမလဲ။

သူမရဲ့နာမည်က ဒီနေရာမှာ ဘာလို့စင်သီယာဖြစ်နေရတာ လဲ။

ကျွန်တော်က လူမသိသူမသိ ငယ်ငယ်လို့ ခေါ်ပေမဲ့ သူမနာမည်ဟာ ခင်တာတာဦးတဲ့။ တစ်အိမ်ကျော်က တစ်ဆင့်ခေါ်ဖုန်းလာတဲ့အခါ သူမကို ခေါ်ပေးနေတဲ့အသံ ကြားကြားနေရတော့ ကျွန်တော်ကတောင် "အတာမှာ မွေးလို့ထင်ပါရဲ့" လို့တွေးနေမိသေးတာ။

ဒီနေရာမှာတော့ ခင်တာတာဦးဆိုတဲ့ ကျွန်တော်ရဲ့ငယ်ငယ်ဟာ စင်သီယာဖြစ်နေပါရောလား။

အဲဒီ ညက ခံစားချက်တွေပွင့်ထွက်လာပြီး ဖရိုဖရဲအပြုံအလဲနဲ့ ပြန်လာတဲ့ ကျွန်တော့်ကို ကိုကိုအောင်က အံ့ဩလို့မဆုံးဘူး။ အကြောင်းစုံသိသွားတော့ ပိုတောင်ဆိုးသေးရဲ့။ မသနားတဲ့ အပြင် အပြစ်ချည်းတင်နေတော့တာ။

"ဟော့ကောင်ညီညီ ဒါ ရန်ကုန်ကွ။ ကမျောကင်း မဟုတ်ဘူး။ မောင်းမကန် မဟုတ်ဘူး။ မင်းမို့လို့ မြို့ကြီးသူကို စွဲလမ်းရတယ်လို့၊ ခံသွားရမယ်။ ဒါတွေက ဒီလိုပဲ။ အလကား ကျီးအာသီး ဖီလင်တွေ။ ခေါင်းထဲမထည့်နဲ့။ ဝေးဝေးရှောင်။ မထိတထိလည်း သွားမလုပ်နဲ့။ အခုတောင် မင်း ဝေါင်နေပြီ မဟုတ်လား"

ကိုကိုအောင် ဘယ်လိုပြောပြော ကျွန်တော် မဖြေနိုင်ဘူး။ နှမြောတသခြင်းဝေဒနတွေ လွှန်ကဲနေတဲ့ နာကျင်နှလုံးသားဟာ လွှမ်းမောဆွတ်ကျင်ခြင်းတွေ အုံကျင်းဖွဲ့လာမှုအပေါ်မှာ ကျွန်တော်ဘယ်လိုမှမခံစားနိုင်တော့ဘူး။

ညီမလေးငယ်ငယ်. . .

ပန်းကုံးတွေ သရဖူတွေကြားမှာ မင်း ပျော်မောနေသလားဟင်။

အဲဒါတွေဟာ မင်းရဲ့အလှအပ၊ မင်းရဲ့ဘဝကို မညှာမတာ ဖဲ့ခြွေမယ့် ကဝေလက်မည်း ကြီးတွေပါကွယ်။ ငါးကိုမျှားတာတောင်မှ မျှားစာအတုနဲ့ မျှားတဲ့ခေတ်ကြီးမှာ စစ်မှန်တဲ့ ဘဝ အဓိပ္ပာယ်ကို မင်းလေး ဘယ်မှာရှာဖွေနိုင်ပါ့မလဲ။

ကျွန်တော့်ရောဂါအရှိန်သိပ်တက်လာလို့ ညနေခင်းပတ်ဗလစ်ကာ ကားအဖြူလေးကို ခဲနဲ့ထု ချင်စိတ်တွေပေါက်လာတဲ့အခါမှာ ကိုကိုအောင်က ကျွန်တော့်ကို မောင်းမကန်ရွာလေးဆီ ပြန်ခေါ်လာခဲ့ပါတော့တယ်။

ကိုကိုအောင်က နောက်တစ်ခေါက် ပြည်ပပြန်မထွက်ခင် ဇာတိမြေပြန်ပြီး ဆွေမျိုးသား ချင်းတွေ ပြန်ကန်တော့ရင်း ကျွန်တော့်ကိုလည်း အာရုံပြောင်းအောင် ဆွဲခေါ်ခဲ့တော့တယ်။

မောင်းမကန်ကတော့ ဘယ်တော့ကြည့်ကြည့် ကျွန်တော်ရဲ့ မောင်းမကန်ပါပဲဗျာ။

ရွာရောက်တာနဲ့ အဝတ်အိတ်တွေ ဖုန်းခနဲ ပစ်ချပြီး ကမ်းခြေဆီဆိုင်ကယ်နဲ့ ထွက်လာကြ တယ်။

ကမ်းစပ်ဆိုင်ကယ်ထိုးဆိုက်လိုက်တယ်ဆိုရင်ပဲ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်မတိုင်ပင် ကြဘဲ သီချင်းတစ်ပုဒ်ကို

ကောက်ကာင်ကာသီဆိုလိုက်မိကြတယ်။

“အို. . ပင်လယ်ပြာပြာ. . .

ရေဇလာ ပိုက်ဒေသယ်တန်း. . .

ငါးရှာတဲ့ အိုဘဲ့ (လှဆိုးဗျင်းရယ်)၂ မောင်းဂံသူ. . .။

(ရှုလောန့်မယ်. . .ရှုကောန့်မယ်)

သဲခေါဥ္ဍန်မာ. . . လည်ဆွဲလတ်ဆောန်ပေးမယ်. . .

(လှဆိုးဗျင်းရယ်)၂ မောန်းဂံသူ. . . .

သောင်ထပ်လမ်းမာ ကြိုကြို.. . . .

နို့နော်န် လာမယ်ဆိုဆို. . .

ရေပူတွမ်းမာခိုခို. . .

ရေချိုးငေ့မယ်ဆိုဆို

(လှဆိုးဗျင်းရယ်) ၂ မောန်းဂံသူ။

သိပ်လှတဲ့ မောင်းမကန်သူ သီချင်းက ကျွန်တော်တို့ရဲ့ ဖေးဖရိတ်သီချင်း။

သည်ကမ်း သည်သောင် သည်ရေ သည်လေ့ အလှအပတွေက ကျွန်တော်တို့နှလုံးသားထဲ အသားကျစိမ့်ဝင်နေပြီးသားဆိုတော့ သီချင်းစာသားတွေက ဆိုလို့အာတွေ့လှသည်။

တကယ်တော့ ကျွန်တော်ရဲ့ ထွေပြားနေတဲ့ စိတ်တွေကို သဘာဝအလှတရားနဲ့ကုသချက် ပေး လိုက်တာပါ။ ရေပြောင်းမြေပြောင်း အာရုံပြောင်းစေတော့လို့ပေ့ါ.

ဒါပေမယ့် လူဆိုတာ ခက်သားကလား။ မေ့ပျောက်ဖို့ ကြိုးစားလေလေ

စွဲစွဲထင်ထင် ရှိလေလေ ဖြစ်နေလေတော့ နောက်ဆုံးမှာ ရန်ကုန်ကို ပြန်လာ၊ ဦးလေးရဲ့ အဆက်အသွယ်နဲ့ အလုပ်တစ်ခု ရှာရတော့တာပေါ့။

အဲဒီ မှာ ဦးလေးရဲ့ မိတ်ဆွေဟောင်းတစ်ယောက်နဲ့ပတ်သက်ပြီး ကျွန်တော်ငွေဆောင်ကမ်းခြေ က (. . . . . ) ဟိုတယ်ဆီ ရောက်ခဲ့ပါတော့တယ်။

ကျွန်တော်ထင်တယ်လေ ဒီအလုပ်က ကျွန်တော့်ကို အလိုလိုထိန်းကျောင်းမောင်းနှင် သွားလိမ့်မယ်လို့။ ဆယ်တန်းလည်း အောင်လိုက်တာဆိုတော့ အဝေးသင်တက်ရင်း လုပ်ငန်းအတွေ့အကြုံဆည်းပူးရင်းပေ့ါ။

မှတ်မှတ်ရရ ကျွန်တော်အလုပ်စတင်ဝင်ရောက်တဲ့နေ့က မနက် ၆ နာရီ ရန်ကုန်ဟိုတယ်မှ စီစဉ်ပေးတဲ့ သောကြာနေ့ (Package ) ကားနဲ့ လိုက်ရပါတယ်။ ဒီကားက တစ်ပတ်တစ်ခါ ထွက်ပြီး လူ၃၀ ယောက်ဆံ့တဲ့ကားပါ။ ဗိုလ်မြတ်ထွန်းတံတားကို ကျော်ပြီး ပြည်ကြီးတံခွန်ဆိုင်မှ မနက်စာစား၊ ပြီးတော့မှ ပုသိမ်ကို ခရီးဆက်၊ နံနက် ၁၁နာရီလောက် ပုသိမ်ရောက်တော့ခကြီးထမင်းဆိုင်မှာ နေ့လယ်စာစားကြပါတယ်။ နောက် ၁၂း ၀၀ နာရီ ဇက်နဲ့ ပုသိမ်တစ်ဖက်ကမ်း စိန်ကုန်းဇက်ဆိပ်ကို ကူးပြီး ငွေဆောင်ဆီ ခရီးဆက်ကြရတာ ပါ။

ကွေ့ဝိုက်နေတဲ့ ကမ်းခြေပေါ်မှာတော့ ဟိုတယ်ပေါင်းနှစ်ဆယ်ခန့် ရှိမယ်လို့ထင်ပါရဲ့။ သောင်ပြင်ပြန့်ပြူးတယ်။ သန့်ရှင်းသပ်ရပ်တယ်။ နေသာလေ ရေပြာလေ။ ကျောက်ဆောင်တွေ အချို့နေရာတွေမှာ ရှိတာကိုတော့ သဘောမကျလှဘူး။ ရောက်ရောက်ချင်းပဲ မောင်းမကန်အလှကို မမီဘူးလို့ မှတ်ချက်ချမိပေမဲ့ ဒီမှာတာဝန်ထမ်းရတာ အဆင်ပြေပါတယ်။ တစ်ခါတစ်ရံလုပ်ငန်းခွင်မှာ စိတ်အနှောင့်အယှက် ဖြစ်ရတာ ကလွဲရင်ပေ့ါ။

ဒီကိုရောက်တော့ ငယ့်ငယ့်ကိုတမ်းတတဲ့စိတ်တွေဟာ

သဘာဝဝန်းကျင်ရဲ့ကူပံ့မှုကြောင့် ပိုမိုအမြစ်တွယ်လာပေမဲ့ ကျွန်တော့်ဘဝက ဒီထက်ပိုပြီးမိုက်ရူးရဲ ဆန်ဖို့ ခွင့်မပြုခဲ့ပါဘူး။

အဲဒီ လို ငြိမ်သက်ဖို့ အားယူနေဆဲ တည်ငြိမ်တဲ့ ရေကန်ပြင်ထဲကို လက်မှန်းလက်ဆ ကောင်းစွာ ကျရောက်လာတဲ့ ခဲတစ်လုံးရဲ့ သိပ်သည်းဆလရောင်ညကို ဘယ်သူ ညစ်ထေးစွန်းပေ စေသလဲ။

*

မွန်းလွဲနှစ်ရာရီဆိုတဲ့အချိန်ဟာ ဧည့်သည်အသစ်တွေရောက်လာလေ့ရှိတဲ့အချိန်မို့ ကျွန်တော် တို့ နားမျက်စိ လျှင်လျှင်ထားရတဲ့ အချိန်ပေါ့။ ဟိုတယ်တွေ အများကြီးရှိတဲ့ ငွေဆောင်ကမ်းခြေမှာ ကိုယ့်ဆီတန်းတန်းမတ်မတ်ဝင်လာရန် ဖိတ်ခေါ်စည်းရုံးဖို့က ကျွန်တော်တို့ တာဝန်ပါ။

ရာသီကလည်း ဆောင်းအကုန် နွေအကူးကလေးမို့ ကမ်းခြေမှာ ဆောင်းရနံ့ကလေးတွေ လည်း ဝေ့သီဆဲ နွေအပူကလည်း မကဲတကဲကလေးမှာ ဧည့်သည်တွေ ရောက်လာလေ့ရှိပါတယ်။

ဟော. . .ပြောရင်းဆိုရင်း ပါကျဲရိုးကားအကောင်းစားကြီးတစ်စီး ဟိုတယ်ဘက်ကွေ့ဝင်လာ တယ်။

ကျွန်တော်လည်း ဧည့်သည်ကြိုဖို့ အဆင်သင့်ပြင်လိုက်တာပေါ့။

ကားခေါင်းက နေကာမျက်မှန်တပ်ထားတဲ့ ထောင်ထောင်မောင်းမောင်း အမျိုးသားကြီးတစ် ယောက်ဆင်းလာတယ်။

ပြီးတော့ ခွာမြင့်ဖိနပ်လှလှကလေးစီးထားတဲ့

ခြေထောက်ဖြူဖြူကလေးတစ်စုံနဲ့ နောက်ဆုံး ပေါ်ဒီဇိုင်းလှလှလေး။
သူကလေးကလည်း အကောင်းစားနေကာမျက်မှန်နဲ့ပါပဲလား။

မဆန်းပါဘူးလေ။ ဒီနေရာကို ဒီလိုလိုက်ဖက်ညီတဲ့ချစ်သူစုံတွဲတွေ လာလေ့ရှိတာ မဆန်းပါဘူး။

ကိုယ့်ကိစ္စကိုယ့်တာဝန်ကျေပွန်ဖို့ ကိုယ်ကို ကိုင်းညွတ်လိုက်စဉ်မှာ. . .

အရိပ်အောက်ရောက်လာပြီမို့ ဒီဇိုင်းလှလှလေးက သူ့ရဲ့မျက်မှန်ကို ချွတ်လိုက်တဲ့အခိုက် ကျွန်တော်ရင်တွေ ဗလာဟင်းလင်းပွင့်သွားသလို ခံစားလိုက်ရတယ်။

သူကလေးကလည်း မမျှော်လင့်တဲ့နေရာမှာ ကျွန်တော့်ကို မမျှော်လင့်တဲ့ပုံစံနဲ့ တွေ့လိုက်ရတဲ့ အတွက် ကြည်ရွှင်ရယ်မောနေတဲ့ မျက်နှာကလေးက တည်နေရာမှ တွေ၊ တွေရာမှ ဆံပင်တွေကို ဆတ်ခနဲခါလိုက်ပြီး ခေါင်းကိုမော့၊ သူ့ဘူတားကြီးရဲ့လက်ကို ဆတ်ခနဲ တွဲချိတ်လို့ ကောင်တာဆီထွက်သွားလိုက်တာများ။

ကျွန်တော်ဒီနေရာမှာ မရှိတော့ရင် ကောင်းမှာ။ အငွေ့ပျံပျောက်ဆုံးသွားရင်ကောင်းမှာ။

ဖြစ်ချင်တာတွေ ဘေးချိတ်လို့ ကောင်တာရှေ့မှာ ရပ်စောင့်။ သူတို့တည်းခိုမယ့် နှစ်ယောက် ခန်းဆီပို့။

“ဘာတွေများ လိုအပ်ပါသေးလဲခင်ဗျာ၊ အကူအညီလိုရင် အချိန်မရွေးပြောနိုင်ပါတယ် ”

ဆိုတဲ့ လောကဝတ်စကားကိုပြောနေတဲ့ ကျွန်တော့်အသံဟာ သတိထားနားထောင်မယ် ဆိုရင် အားဖျော့တုန်ယင်နေမှာ အသေအချာပါပဲ။

တစ်နေ့လုံးကျွန်တော်အလုပ်လုပ်လို့မဖြောင့်ဘူး။

ယောင်ချာချာမှားယွင်းမှုတွေဟာ ရင်ခုန်သံ မမှန်တဲ့ စည်းချက်အောက်မှာ မိနစ်တွေနာရီတွေကို ခဲခဲယဉ်းယဉ်း ဖြတ်ကျော်နေရတယ်။ အခြားစုံတွဲတွေလို ရေကူးတာလို့၊ လျှောက်လည်ကြတာတို့မလုပ်ဘဲ အခန်းအောင်းနေကြတာက ထူးဆန်းနေတာမို့ ကျွန်တော့်ရင်ကို ဓားထက်ထက်နဲ့ မွှန်းနေသလို နာကျင်ခံခက်ဖြစ်နေတာက အချိန်နဲ့အမျှပါပဲ။

တစ်ခုသော ညချမ်းက ကိုကိုအောင်တို့နှင့် အတူသွားခဲ့တဲ့ ရက်စတောရင့်မှ တွေ့ကြုံခံစားမှု တွေ မျက်စိထဲပြန်မြင်ပြီး အဲဒီ ခံစားချက်ထက် ပိုမိုနင့်နဲလေးပင်တဲ့ဝေဒနာဖိစီးမှုက ဒီရေတက်သလို တရိပ်ရိပ်တက်လာနေလိုက်တာ။

ဘယ်လိုပဲဖြစ်ဖြစ် သူမနဲ့ကျွန်တော့်ကြားမှာ နံရံတွေ အထပ်ထပ် ခြားသွားပြီး ခြားသွားတဲ့ နံရံတွေကလည်း ထူထဲသိပ်သည်းတဲ့ကျောက်သားထုနံရံတွေ ဖြစ်တဲ့အကြောင်း သေချာသထက် သေချာလာတဲ့အခါမှာတော့ သိစိတ်အလျဉ် ကင်းလွတ်နေတဲ့ ခန္ဓာကိုယ်က ခြေထောက်များရဲ့ သယ်ဆောင်ရာဆီ. .။

သောင်ပြင်ကိုဖြတ်ပြီး ကမ်းခြေတစ်ဆုံးပြေးသွားလို့ လှိုင်းဆော့မြူးနေတဲ့သောင်စပ်မှာ ဒူးထောက်ထိုင်ချကာ ရေစွတ်စွတ်သဲပြင်ပေါ် လက်သီးနဲ့အကြိမ်ကြိမ်ထိုးမိရင်း ကျွန်တော့်ရဲ့ရင်ကွဲ မြည်သံကို ပင်လယ်ကြားအောင် အော်ဟစ်နေမိတယ်။

ငိုမည်းမဲ့မဲ့ ကောင်းကင်ပေါ်မှာ တော့ လခြမ်းကွေးကလေးက ကြည့်တိကြောင်တောင်နဲ့ မျက်နှာလွှဲသယောင်ပြုနေမှတော့ သောင်ပြင်သာဟာ ဘယ်မှာ ဝင်းပနိုင်ပါတော့မလဲ။

သွားပြီ။ဘာမှမရှိတော့ဘူး။ ဇာတ်ကိုက မစခင်က ဆုံးနှင့်နေတဲ့ ဇာတ်။ မနက်ကျလို့ သင်းတို့ ပြန်သွားတဲ့အခါ အဲဒီ အခန်းကို ဘယ်လိုအင်အားမျိုးတွေနဲ့

သန့်စင်သိမ်းဆည်းပေးရမှာလဲဟင်။ တဒင်္ဂအတွင်းမှာပဲ House keeper တစ်ယောက်ရဲ့ဝတ်ရုံကို ချွတ်ပုံချချင်တဲ့ ဆန္ဒတွေ အထွတ်အထိပ်ဆီပြေးတက်လာတယ်။

ကြည့်စမ်း. . . ဘယ်ကမှန်းမသိ ပေါ်ထွက်လာတဲ့ ခေတ်ပေါ်တေးသွားအပိုင်းအစအချို့ ကျွန်တော့်ရင်ကို ကုတ်ခြစ်ဖို့ အစွမ်းကုန်ခုန်ပေါက်လာနေကြပြီ။

ကံကြမ္မာရယ် ရက်စက်လှချည်လားဗျာ။

x x x သိန်းကျော်တန်ကားပါရင် ကောင်မလေးတွေ ကြိုက်ကြတာ x x xကောင်းပါတယ်x x x ကောင်းပါတယ်

x x x သိန်းကျော်တန် အဝတ်တွေx x xကောင်မလေးတွေ ဝတ်ကြတာ x x xကောင်းပါတယ် x x x ကောင်းပါတယ် x x x

ကဲ. .ကောင်းဦးကွာ ကောင်းဦး။ ရေတွေလည်း ကိုယ်တစ်ပိုင်းရွှဲ လက်သီးတွေလည်း နာကျင်ကျိန်းစပ်လာချိန်မှာတော့ စိတ်ထဲမှာ အတန်အသင့်နေတာ ထိုင်တာရှိသွားပြီ။

အဆောင်ပြန်ဖို့ ခြေလှမ်းတွေလှမ်းလိုက်တဲ့အခါ. . .

အလို. . . ဟိုရှေ့ဆီမှာ မီးပုံပွဲနွှဲနေကြပါလား. .

မီးညွန့်မီးစွယ်တွေဟာ မှောင်မည်းနေတဲ့ ကောင်းကင်ကို ထွန်းညှိဖို့ သွန်ထိုးအားယူနေတဲ့အ တွက် ရှည်မျောမျောအရိပ်တွေ သောင်ပြင်မှာ ရင့်ရင့်ရဲရဲ ထွက်ပေါ်နေတယ်။

အနားရောက်လို့ အသေအချာကြည့်လိုက်တဲ့အခါ ခပ်စောစောပိုင်းက ရောက်လာကြတဲ့ စာရေးဆရာတွေ၊ ကဗျာဆရာတွေအုပ်စုဖြစ်နေတာကို တွေ့ရတယ်။

ဒီတုန်းက အမျိုးသမီးစာရေးဆရာမတွေ ပါတယ်ဆိုလို့ ကျွန်တော်တောင် ခဏငေးနေ လိုက်မိပါသေးတယ်။

အခု သူတို့မိးတောက်နေတဲ့ မီးပုံဘေးမှာ ဝိုင်းထိုင်ပြီး သီချင်းဆိုကြတာ မဟုတ်ဘဲ စကားတွေ ပြောနေကြတယ်။

မီးပုံပွဲဆို ကျွန်တော်လည်း ဂီတာပြန်ယူပြီး ဝင်နွဲရန် ရင်ပိုရှင်း သွားမလားလို့။

သူတို့က သီချင်းမဆိုဘဲ သောင်ခြေညချမ်းကို စကားလုံးတွေနဲ့ သိမ်းပိုက်ထားတာကိုး။

သူတို့တစ်ယောက်တစ်လှည့် ပြောနေကြတဲ့ စကားတွေကြောင့် ကျွန်တော် ကိုယ့်ဝေဒနာကိုယ် ခဏမေ့သွားတယ်

ယောပုဆိုးနဲ့ တိုက်ပုံဝတ်ပြီး လွတ်အိတ်လွယ်ထားတဲ့ ဆရာတစ်ယောက်က. . .

“ကဗျာဆိုတာ ဘဝရဲ့ပုံရိပ်အမှန်ကို ဖော်ပြနိုင်တာကဗျာ” တဲ့။ အသားဖြူဖြူ လူပုံနွဲ့နွဲ့ ဆရာ တစ်ယောက်က. .

“ကျစ်ကျစ်လျစ်လျစ် သိပ်သိပ်သည်းသည်းနဲ့ လိုရင်းကို ထိထိမိမိ ဖော်ကျူးတာကဗျာ”တဲ့။

မျက်မှန်နဲ့ အရပ်မြင့်မြင့် ဆရာမတစ်ယောက်ကတော့. . .

“ချက်ချင်းဆိုသလို စွမ်းအားကောင်းတဲ့ခံစားချက်တွေ ပြည့်လျှမ်းဖြစ်ပေါ်စေတာ ကဗျာ”တဲ့

ဘောင်းဘီရှည်နဲ့ အရပ်ထောင်ထောင်မောင်းမောင်း စတိုင်ကျကျ ဝတ်စားထားတဲ့ ဆရာတစ်ယောက်က ဘိုဆန်ဆန် ပြောလိုက်ပုံက. . .

“Poetry is emotion rhythm in tranqrility တဲ့”

တစ်ယောက်တစ်မျိုး ပြောသွားတဲ့ စကားလုံးဒဿနတွေကို နားထောင်ပြီး နားလည်အောင် ကြိုးစား နေစဉ်မှာပဲ. . .

ဟော ကဗျာရွတ်ကြမယ်ဆိုပါကလား

ကျွန်တော် ကဗျာရွတ်တာကို တစ်ခါမှ နားမထောင်ဖူးဘူး။ ကဗျာရွတ်တယ်ဆိုတာ ဘယ်လိုပါလိမ့် ။ သီချင်းဆိုတာနဲ့ မတူတာတော့ သေချာပါတယ်။

ကြည့်အမျိုးသမီးတစ်ယောက်။ ကဗျာဆရာမထင်ပါရဲ့။ ရွတ်ပြီ။

သူ့အသံက ချိုချိုအေးအေး။ အသံက က နိမ့်လိုက်မြင့်လိုက်၊ တိုးလိုက်ကျယ်လိုက်၊ ကမ်းရိုက်ဗုံသံတွေက စည်းချက်လိုက်။

ကျွန်တော်လည်း ကဗျာရဲ့ ခေါ်ဆောင်မှုနောက် အမီလိုက်။

လိုက်ကြမလား

မာယာများတဲ့ကောင်းကင်ကို

မလိုချင်ဘူး

အဝတ်မဲ့သစ်သီးတွေ ခူးဆွတ်ဖို့

လာလေ သွားစို့။

လိုက်ကြမလား

အူကြောင်ကျားညနေခင်းတွေ

မလိုချင်ဘူး

ဒန်းစီးနေတဲ့လေဒီတွေ မွေးမြဖို့

လာလေ သွားစို့။

လိုက်ကြမလား။

ပြင်းရှရှခါးသက်သက်

မိုးရေစက်တွေ မလိုချင်ဘူး

သီချင်းဟောင်းတွေဆိုနေတဲ့

စမ်းချောင်းကလေးကို နှုတ်ဆက်ဖို့

လာလေ သွားစို့။

လိုက်ကြမလား

ရပ်ကွက်မှားနေတဲ့

ပြက္ခဒိန်စာရွက်တွေ လိုချင်ဘူး

သံချေးတက်ပေမဲ့

မပြိုအက်သေးတဲ့

နာရီတစ်လုံးရဲ့ စက်သံကို နားခံဖို့

လာလေ သွားစို့။

**မဟာသစာမဂ္ဂဇင်း**

**ဇန်နဝါရီလ ၂၀၀၆**

*